## ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၁၂-၇-၂၀၁၂ ]

## ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အကျင့်ပျက် ဝန်ထမ်း အရေးယူမှုများကို အများသိရှိစေရန် သတင်းထုတ်ပြန်ပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ **တောင်သူလယ်သမားများအတွက် မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဉာဏ်လင်း၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ **ရုပ်ရှင်ရုံ ရုပ်ရှင်ပြသရာတွင် နိုင်ငံတော်အလံ အလေးပြုမှု အားနည်းခြင်းအပေါ် မည်သို့ ပြုပြင်ဆောင်ရွက်သွားရန်**အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)၏ **လောင်းလုံးမြို့မအားကစားကွင်းကြီးအား ပြန်လည်မွမ်းမံ ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ **ဘဏ်အပ်ငွေပေါ်တွင် ရရှိသော အတိုးနှုန်းနှင့် ဘဏ်မှရင်းနှီးမြှုပ်နှံမှုများအတွက် ပြန်လည်ချေးယူသော အတိုးနှုန်း ကွာခြားချက် ပမာဏမှာ အာဆီယံနိုင်ငံရှိ နိုင်ငံများ၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကွာခြားမှု ရှိ /မရှိ နှင့် အတိုးနှုန်းသည် နိုင်ငံတွင်းစက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အကျိုးသက်ရောက်မှု** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)၏ **အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်၊ အိုးသည်ကုန်းမြို့နှင့် မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တို့ရှိ မီးသတ်ယာဉ်ဟောင်းများလဲလှယ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာနေ လယ်သမား မစန်းအား တရားစီရင်မှု မမျှတခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ **တရားရုံးများတွင် စောင့်ဆိုင်းနားနေခန်း စီစဉ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၏ **အုပ်ချုပ်ရေးပိုင်း၌ တာဝန်ယူရသော ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ တစ်နေရာတည်းတွင် (၃)နှစ်ထက် မပိုစေဘဲ ပြောင်းရွှေ့တာဝန်ချထားပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆို နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း) စာမေးပွဲကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် စစ်ဆေး အတန်းတင်ပေးကာ ဝင်ခွင့်စာမေးပွဲဖြင့် စိစစ်၍ နှစ်သက်ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်ခွင့်ပြုရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆို နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးအတွက်စိစစ်ရေးအဖွဲ့ဝင် ရွေးချယ်ခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သတ္တမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့်အဋ္ဌမနေ့အစည်းအဝေးဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။